ငြိမ်းချမ်းမေတ္တာအဖွဲ့
Religions for Peace-Myanmar

No.196| First Floor| Bogyoke Aung San Road | Ward 10| Botahtaung Twonship 11162|
Yangon| Myanmar. Tel: +95 9 422335500 |Email: office@rfpmm.org
rfpmmoffice@gmail.com Website: www.rfpmm.org

## နေ့စွဲ - ဇူလိုင် (၄) ရက် ၂၀၂၀

# ဆုတောင်းနှင့်ဝမ်းနည်းကြောင်းသဝဏ်လွှာ

မြစ်ကြီးနားမြို့ရှိ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များနှင့် အထူးသဖြင့် ကျောက်စိမ်းမိုင်းကြေကွဲဖွယ်ရာ အနိဋ္ဌါရုံတွင် စတေးခံခဲ့ရ၍ သေကြေဆုံးပါး၊ ဒဏ်ရာအနာတရခံစားခဲ့ရသူတို့၏ မိသားစုဝင်များခင်ဗျား။

ကျောက်စိမ်းမိုင်းအနိဋ္ဌါရုံအဖြစ်ဆိုးတွင် လူငယ်နှစ်ရာကျော်သေကြေဆုံးပါးခဲ့ကြောင်း သတင်းကြားသိခဲ့ရသဖြင့် ကျွန်ုပ်တို့၏နှလုံးသားတို့သည် တုန်လှုပ်နာကျည်းခဲ့ရပါသည်။ ဆုံးပါးသွားသူတို့၏ မိသားစုဝင်များအား ဘာသာအသီးသီး၊ အဖွဲ့အစည်းများ နှင့် ဤနှလုံးကြေကွဲဖွယ်ရာပူဆွေးမှုကို ခံစားခဲ့ရသူမှန်သမျှအား ငြိမ်းချမ်းမေတ္တာအဖွဲ့ မြန်မာနိုင်ငံ (***RfP***-Myanmar) ၏ကိုယ်စား ရင်နှင့်အမျှခံစားရသော ဝမ်းနည်းကြောင်းသဝဏ်လွှာကို ပါးအပ်ပါသည်။

တောင်ပြိုပြီး မြေဩနှစ်မြှုပ်ခံရ၍သေဆုံးသွားသူတို့မှာ တရားမျှတမှုမရှိသော တရားမဲ့လုပ်ရပ်၏မြေပြိုခြင်းဒဏ်ကိုပါခံခဲ့ရရှာပါသည်။ ရဟန်းမင်းကြီး ပုပ်ဖရန်စစ်သည် ကမ္ဘာနှင့်အဝန်းရှိသူဆင်းရဲတို့ခံစားနေရသော စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးဆိုင်ရာ တရားမျှတမှုကင်းမဲ့နေခြင်းတည်းဟူသော မပြီးဆုံးနိုင်သည့် ဆူနာမီအကြောင်း လူအများသိလာရန်ထုတ်ဖော်မိန့်ကြားခဲ့ပါသည်။ သေဆုံးခဲ့ရသူတို့သည် လောဘတည်းဟူသော ယဇ်ပူဇော်မှု ပုလ္လင်ထက်၌ အစတေးခံခဲ့ရပါသည်။ ဤအမိမြေ၏ဆင်းရဲသားပြည်သူတို့အား လူ့ဂုဏ်သိက္ခာကင်းမဲ့ပြီး လူဖြစ်ရှုံးရလေအောင် တစိုက်မတ်မတ်ပြုလုပ်နေသည့် ကုမ္ပဏီကြီးများ၏ လျစ်လျူရှုမှုနှင့် မာန်မာနထောင်လွှားမှု၏ အကျိုးဆက်ကြောင့် ဤသို့အစတေးခံခဲ့ရခြင်းဖြစ်၏။

ကျွန်ုပ်တို့၏ ဆုတောင်းမေတ္တာသည် သေကြေဒဏ်ရာရရှိသွားကြကုန်သော သူတို့၏ ဆွေမျိုးသားချင်းများအတွက်လည်းဖြစ်၏။ Covid19 ကပ်ဘေးကြောင့်လူများသွားလာလှုပ်ရှား၍မရအောင်ကန့်သတ်ပိတ်ဆို့ထားရသောအချိန်တွင် အင်တာဘေးဟူသောပိတ်ဆို့ခြင်း မခံရထိုက်ပေ။ တော်မွတ်ခြင်းကြောင့် ဆင်းရဲသားတို့သည် ကုမ္ပဏီကြီးများ၏ ဘူဒိုဇာမှထိုး၍ လွှင့်ကျဖိတ်စင်လာသော အကြွင်းအကျန်လေးများအား အလုအယက်အသက်ကိုမငဲ့ကွက်နိုင်ပဲရှာဖွေနေရခြင်းဖြစ်၏။

ကျွန်ုပ်တို့တိုင်းသူပြည်သားတို့မှာ စစ်ကပ်ဘေးကြောင့် အသက်မွေးဝမ်းကြောင်းမှုတွေပျောက်ဆုံးခဲ့ရပေပြီ။ ယခုဖြစ်ပေါ်ခဲ့သော ကြေကွဲဖွယ်ရာမိုင်းပြိုကျမှုသည် ဘုရားသခင်ပေးသနားထားသည့် သဘာဝရတနာ

ငြိမ်းချမ်းမေတ္တာအဖွဲ့
Religions for Peace-Myanmar

No.196| First Floor| Bogyoke Aung San Road | Ward 10| Botahtaung Twonship 11162|
Yangon| Myanmar. Tel: +95 9 422335500 |Email: office@rfpmm.org
rfpmmoffice@gmail.com Website: www.rfpmm.org

တို့အား လူအများကိုမျှဝေပေးရန် လိုအပ်ကြောင်းကို သတိပေးနေ၏။ မြန်မာနိုင်ငံ၏ရတနာတို့အား မြန်မာပြည်သူတို့အားလုံးပိုင်ဆိုင်၏။

ဤကဲ့သို့ကရုဏာတရားကင်းမဲ့လှသော ကြေကွဲဖွယ်ရာဖြစ်ရပ်တို့ ဖြစ်ခဲ့ရသည်မှာ ပထမအကြိမ် မဟုတ်ပေ။ သက်ဆိုင်သူအားလုံးတို့က ဤအဖြစ်ဆိုးကို ဂရုဏာနှင့်တရားမျှတမှုတို့ဖြင့် အရေးတယူ မတုံ့ပြန်ပါက ယခုကဲ့သို့လူမဆန်သည့်ကြေကွဲဖွယ်ရာတို့သည် နောက်ဆုံးအဖြစ်ရပ်တန့်သွားလိမ့်မည်မဟုတ်ပေ။

ယခုကြုံတွေ့ခဲ့ရသည့်ကြေကွဲဖွယ်ရာဖြစ်ရပ်အပေါ် အာဏာပိုင်တို့၏ လျှင်မြန်ထိရောက်စွာတုံ့ပြန်မှုအားဂုဏ်ပြုချီးကျူးအပ်ပါသည်။ တစ်ချိန်တည်းမှာ နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်သူအားလုံးအား ဤကဲ့သို့သောဝမ်းနည်းဖွယ်ရာမျိုးထပ်မံမဖြစ်ပွားစေရန် တာဝန်ယူအာမခံချက်ပေးပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ဤနိုင်ငံတော်သည် လူတိုင်းအတွက် ပံ့ပိုးပေးနိုင်ရန်သဘာဝသယံဇာတများဖြင့် ကောင်းချီးပေးခြင်းခံထားရပါသည်။ ဤဖြစ်ရပ်ဆိုးသည် နောက်ဆုံးဖြစ်ပါစေ။

ဤဝမ်းနည်းဖွယ်ရာဖြစ်ရပ်ဆိုးမှ ကျွန်ုပ်တို့ပြည်သူပြည်သားအားလုံးတို့ကို စီးပွားရေးနှင့် သယံဇာတဂေဟဗေဒဆိုင်ရာ တရားမျှတမှုကိုရရှိခံစားနိုင်စေရန်ကြိုးပမ်းအားထုတ်မည်ဟု သန္နိဋ္ဌာန်ကိုချစေခဲ့ပါသည်။

ကျွန်ုပ်တို့၏ဆုတောင်းမေတ္တာနှင့်ဂရုဏာတို့ဖြင့် ငြိမ်းချမ်းမေတ္တာအဖွဲ့မြန်မာနိုင်ငံ(***RfP***-Myanmar) ကိုယ်စား



ကာဒီနယ် ချားလ်စ်ဘို

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်
ဥက္ကဋ္ဌ၊ အာရှဒေသလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
နယက၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ မြန်မာနိုင်ငံ (***RfP***-M)
တွဲဖက်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ (***RfP***-International)